**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**ညွှန်ကြားချက်အမှတ် - ၄ /၂၀၂၀**

**၁၃၈၂ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက်**

**(၂၀၂၀ ပြည့်နှစ် မေလ ၁၁ ရက်)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မွေးမြူရေးကဏ္ဍတွင် ဖြစ်ပေါ်နေသည့် ပဋိဇီဝဆေးယဉ်ပါးမှုကို လျှော့ချနိုင်ရေးအတွက် ပဋိဇီဝဆေးများကို တိရစ္ဆာန်အစာများတွင် ကြီးထွားဆေး (Growth Promoter) အဖြစ် သုံးစွဲနေခြင်းကို ထိန်းချုပ်ကန့်သတ်နိုင်ရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**တိရစ္ဆာန်အစာထုတ်လုပ်သည့် ကုမ္ပဏီများ အစာထုတ်လုပ်ရောင်းချရာတွင် လိုက်နာရမည့် ညွှန်ကြားချက်**

၁။ ပြည်သူ့ကျန်းမာရေးအတွက် အသုံးပြုရန် သီးသန့်ထားရှိရမည့် ဆေးအုပ်စု (Watch၊ Reserve Group) တွင် ပါဝင်နေသည့် အောက်ဖော်ပြပါပဋိဇီဝဆေးဝါးများနှင့် ခန္ဓာကိုယ်ကြီးထွားစေရန်အလို့ငှာ ဟော်မုန်းများကို တိရစ္ဆာန်အစာများ ဖော်စပ်ထုတ်လုပ်ရောင်းချရာ၌ ထည့်သွင်းအသုံးပြုခြင်း မပြုရ။

**တိရစ္ဆာန်အစာများတွင် ခန္ဓာကိုယ်ကြီးထွားစေရန်အလို့ငှာ သုံးစွဲရန် တားမြစ်ပိတ်ပင်မည့် မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးများစာရင်း**

| စဉ် | အမည် | အကြောင်းအရာ | သုံးစွဲမှု | မှတ်ချက် |
|---|---|---|---|---|
| (က) | Colistin | ဆေးမျိုးစုံယဉ်ပါးသည့်အခါ နောက်ဆုံးအဆင့် အသုံးပြုရမည့်ဆေးဝါး (Last-resort for Multi-drug resistance ) | Bactericidal | Reserve group |
| (ခ) | 3rd & 4th gen: Cephalosporin | လူသားရောဂါအများစုကို ကုသရန် (To treat multiple human conditions) | Bactericidal | Watch group |

| | | | | |
|---|---|---|---|---|
| (ဂ) | Fluroquinolone class | ဆဲလ်မိုနဲလားရောဂါနှင့် ဒေါင့်သန်းရောဂါကို ကုသရာတွင် အရေးကြီးသည့်ဆေးဝါး (Important for t/m of life threatening infections of Salmonella and Anthrax) | Bactericidal | Watch group |
| (ဃ) | Hormones | | Estrogen, progesterone, testosterone and their synthetic version | |

၂။ အထက်ဖော်ပြပါဆေးဝါးများမှအပ အခြားပဋိဇီဝဆေးဝါးများကို တိရစ္ဆာန်အစာများတွင် ထည့်သွင်းအသုံးပြုလိုပါက အောက်ပါအဆင့်သတ်မှတ်ချက်များအတိုင်း အသုံးပြုရမည်-

| စဉ် | တိရစ္ဆာန် အမျိုးအစား | ပဋိဇီဝဆေးထည့်သွင်း အသုံးပြုခွင့်ပေးသည့်အဆင့် | ပဋိဇီဝဆေးထည့်သွင်းအသုံးပြုခြင်းအား တားမြစ်သည့်အဆင့် |
|---|---|---|---|
| (က) | ဥစားကြက်/ဘဲ/ ငုံး/ ကြက်ဆင် (Poultry-Layer) | ကြက်/ဘဲ/ ငုံး/ ကြက်ဆင်ငယ်အစာ၊ ကြက်/ဘဲ/ ငုံး/ ကြက်ဆင်မဒန်းအစာ | ဥကြက်မအစာ (18th week onward)<br>ဥစားငုံးမအစာ (5th week onward)<br>ဥစားဘဲမအစာ (22nd week onward) |
| (ခ) | အသားစားကြက်/ဘဲ/ ကြက်ဆင် (Poultry-Broiler) | ကြက်/ဘဲ/ကြက်ဆင်ငယ်အစာ၊ ကြက်/ဘဲ/ကြက်ဆင်လတ်အစာ | အသားတိုးကြက်/ဘဲ/ကြက်ဆင်ကြီး/ Semi-broiler ကြက်ကြီးအစာ (7days before market) |
| (ဂ) | အသားတိုးဝက် (Swine) | ဝက်ငယ်အစာ (Pre-starter & Starter)၊ ဝက်လတ်အစာ | ဝက်ကြီးအစာ (Finisher) |

| | | | |
|---|---|---|---|
| (ဃ) | နို့စားနွား (Dairy Cattle) | နွားငယ်အစာ (Calf Ration)၊ မဒန်းအစာ (Heifer Ration) | နို့ပေးနွားမအစာ (Lactating Cow Ration)<br>နို့ခမ်းနွားမစာ (Dry Cow Ration) |
| (င) | အသားစားနွား (Beef Cattle) | နွားငယ်အစာ (Calf Ration)၊ နွားလတ်အစာ (grower ration) | နွားကြီးအစာ (Fattening Ration) |

၃။ တိရစ္ဆာန်အစာအိတ်များတွင် အညွှန်းဖော်ပြရာ၌ Conventional Feed နှင့် Medicated Feed (၂) မျိုး ခွဲခြား၍ ဖော်ပြရမည့်အပြင် အောက်ပါအချက်များပါ ထည့်သွင်းဖော်ပြရမည်-

| No. | Conventional Feed | Medicated Feed |
|---|---|---|
| 1. | Brand name | Brand name |
| 2. | Feed type (crumbles, pellets, mash, etc.) | Feed type (crumbles, pellets, mash, etc.) |
| 3. | Feeding program (eg. Feed code & age, Pre-starter/ starter/grower/ finisher) | Feeding program (eg. Feed code & age, Pre-starter/ starter/grower/ finisher) |
| 4. | Net wt. | Net wt. |
| 5. | Mfg.date/Batch no. | Mfg.date/Batch no. |
| 6. | Exp. Date | Exp. date |
| 7. | Storage condition | Storage condition |
| 8. | Composition (CP, Moisture, Ash, Fat, Crude fiber, ME, etc.) | Composition (CP, Moisture, Ash, Fat, Crude fiber, ME, etc.) |
| 9. | Ingredients (Fish meal, Vitamins, minerals, etc.) | Ingredients (Fish meal, Vitamins, minerals, etc.) |
| 10. | Growth promoter | Active principle for treatment |
| 11. | Precaution | Precaution |
| 12. | Address | Address |

မှတ်ချက်။ ။ နံပါတ် (3, 4, 5, 6, 7, 11, 12) တို့ကို မြန်မာဘာသာဖြင့် ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ကျန်နံပါတ်များကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရမည်။

၄။ ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်ရက်မှစ၍ (၆)လနောက်ပိုင်း ထုတ်လုပ်ရောင်းချသော တိရစ္ဆာန်အစာများအတွက် အကျိုးသက်ရောက်မှုရှိသည်။

၅။ ဤညွှန်ကြားချက်ကို လိုက်နာမှုရှိ/မရှိ ဈေးကွက်အတွင်း စစ်ဆေးခြင်း (Post Market Surveillance) ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ အရေးယူခြင်းခံရမည်။

ဒေါက်တာရဲထွန်းဝင်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ညကခ/စမရ/ဥပဒေ/၂၀၂၀ (၀၆၅)
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် မေလ ၁၁ ရက်
ဖြန့်ဝေခြင်း

**ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ (အားလုံး)**
**ခရိုင်ဦးစီးဌာနမှူးများ (အားလုံး)**
**မြို့နယ်ဦးစီးဌာနမှူးများ (အားလုံး)**
**ကြော်ငြာသင်ပုန်း (သက်ဆိုင်သူများသိစေရန်)**
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
**တိရစ္ဆာန်အစာထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ/ကုမ္ပဏီများ (အားလုံး)**

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ၊ သုကျန်း၊ မွေးဖွံ့)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဌာနခွဲ (အားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ
မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်
မျှောစာတွဲ/ လက်ခံစာတွဲ